သတင်းထုတ်ပြန်ချက်

# မြန်မာအာဏာသိမ်းစစ်အုပ်စု၏ စစ်သားများသည် စစ်ကိုင်းတိုင်းတွင် အရပ်သားများအား ခေါင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ဖြတ်တောက်သတ်ဖြတ်ကာ သိသာထင်ရှားသည့် စစ်ရာဇဝတ်မှုကို ကျူးလွန်

## နိုင်ငံတကာရာဇဝတ်ခုံရုံး အဖွဲ့ဝင်နိုင်ငံများမှ မြန်မာနိုင်ငံအခြေအနေအား စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုအရေးယူနိုင်ရန် အစိုးရရှေ့နေချုပ်ထံ ချက်ချင်းလွှဲပြောင်းပေးရန်

(ဘန်ကောက်၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၄ ရက်နေ့) - စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ ရွာတစ်ရွာတွင် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုကြောင့် အရပ်သား ခြောက်ဦးထက်မနည်း သေဆုံးခဲ့ပြီး သုံးဦးမှာ ခေါင်းဖြတ်ခံထားရပြီး အဆိုပါခေါင်းပြတ်များအား ခြံစည်းရိုးပေါ်တွင် တင်ထားကာ အကြမ်းဖက်လုပ်ရပ်အား ပိုမိုကျယ်ပြန့်စေရန် ပြောင်ပြောင် တင်းတင်း ပြုလုပ်ခဲ့ကြောင်း Fortify Rights အဖွဲ့မှ ယနေ့ပြောကြားခဲ့သည်။ အရပ်သားများအား ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်နေခြင်းသည် နိုင်ငံတကာ ဥပဒေအရ စစ်ရာဇဝတ်မှုမြောက်သည်။ အဆိုပါဖြစ်ရပ်သည် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့ပြီး၊ ၎င်းရုပ်အလောင်းများကို ရွာထဲသို့ ပြန်ဝင်လာသော ရွာသားများက မျက်မြင်တွေ့ခဲ့သည်။ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) အဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံ၏ အခြေအနေကို ICC အစိုးရ ရှေ့နေချုပ်ထံ အလျင်အမြန် လွှဲပြောင်းကာ အဆိုပါ ဖြစ်စဉ်နှင့် အခြားရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးကာ အရေးယူသင့်သည်ဟု Fortify Rights မှ တောင်းဆိုထားပါသည်။

“ဒီလို လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ပြည်သူ တွေအပေါ် မြန်မာစစ်တပ်က သွေးအေးအေးနဲ့ အရေးယူခံရခြင်းမရှိပဲ ဘယ်လောက်ထိတောင် ဆက်ကျူးလွန် နေတယ်ဆိုတာ သက်သေပြနေတာ ပါပဲ” ဟု Fortify Rights မှ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးတာဝန်ခံ စိုင်းအာကာ ကပြောသည်။ “နိုင်ငံတကာရာဇဝတ်ခုံရုံးအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မြန်မာအာဏာသိမ်းစစ်အုပ်စုရဲ့

သွေးဆာနေတဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို အဆုံးသတ်ဖို့ ခြေလှမ်းတွေ စမှရတော့မှာ ဖြစ်ပါတယ်။"

ဒေသခံများနှင့် မျက်မြင်သက်သေများ၏ပြောဆိုချက်အရ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၇ ရက် နေ့ နံနက် ၇ နာရီခွဲအချိန်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်ရှိ စီပါရွာကို မြန်မာ စစ်တပ်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ မြန်မာစစ်သားများက ရွာကို ပစ်ခတ်ပြီး နေအိမ်များကို မီးရှို့ခဲ့သောကြောင့် ဒေသခံများ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ စီးနင်းတိုက်ခိုက်မှုဖြစ်ပွားချိန်တွင် မြန်မာစစ်တပ်မှလွဲ၍ ရွာအနီးတွင် မည့်သည့်လက်နက်ကိုင်တပ်ဖွဲ့မှ မရှိခဲ့ပါဟု Fortify Rights မှ ပြောသည်။

စိတ်ဓာတ်စစ်ဆင်ရေးတစ်ရပ်အနေဖြင့် တမင်ကာကာပြုလုပ်ခဲ့သည့် အဆိုတိုက်ခိုက်မှုအတွင်း မြန်မာစစ်တပ်က အရပ်သားခြောက်ဦးထက်မနည်း သတ်ဖြတ်ခဲ့ပုံပေါ်ပြီး၊ ၎င်းတို့အနက်မှ သုံးဦးသည် ခေါင်းနှင့် ကိုယ်လက်အင်္ဂါများ တပိုင်းစီ ဖြတ်တောက်ခံထားရကာ အဆိုပါ ဖြတ်ခံထားရသော ဦးခေါင်းများကို ရွာရှိ အိမ်ခြံစည်းရိုးတွင် ချိတ်ဆွဲ ပြသထားသည်။ အဆိုပါ ထိတ်လန့်စက်ဆုပ်ဖွယ်ကောင်းသော ခင်းကျင်းပြသမှုသည် အသက်ဘေးမှ ရှန်သန်လွတ်မြောက်လာသူတို့ကြားထဲတွင် ကြောက်စိတ်များ ထည့်သွင်းပေးခြင်း ဖြစ်ပြီး၊ အတင်းအကြပ် နေရပ်မှ မောင်းထုတ်ခြင်း၊ ခုခံတော်လှန်မှုတို့အား တားဆီးရန် အသုံးပြုသော နည်းပရိယာယ်ဖြစ်ပြီး၊ အဆိုပါ လုပ်ဆောင်ချက်များသည် နိုင်ငံတကာ ဥပဒေအရ စစ်ရာဇဝတ်မှု မြောက်သည်ဟု Fortify Rights မှ ပြောဆိုလိုက်သည်။

Fortify Rights သည် အသတ်ခံခဲ့ရသည့် လူခြောက်ဦးအနက် ငါးဦးကို မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားများဖြင့် အတည်ပြုနိုင်ခဲ့သည်။ အဆိုပါငါးဦးမှာ ဦးတင်လှိုင် အသက် ၈၀ ခန့် (အသက်အတိအကျ မသိရ)၊ ဦးသက်အောင် အသက် ၄၂ နှစ်၊ ဦးကျောင်းပို အသက် ၅၇ နှစ်၊ ဦးရာစိန် အသက် ၅၀ ခန့် (အသက်အတိအကျ မသိရ) နှင့် ဦးငွေးလွင် အသက် ၅၀ ခန့် (အသက်အတိအကျ မသိရ) တို့ဖြစ်ကြသည်။ စီပါရွာရှိ ဒေသခံ ရွာသားများသည် မည်သူမည်ဝါ အတည်မပြုနိုင်သေးသော အခြားအလောင်းတစ်လောင်းကိုလည်း တွေ့ရှိခဲ့ကြသည်။

Fortify Rights သည် သတ်ဖြတ်ခံရသူ ပြည်သူတစ်ဦး၏ ဆွေမျိုးတစ်ဦး၊ စစ်သားများ၏ ဖမ်းဆီးခြင်း ခံရပြီးနောက် သေဆုံးလျက်တွေ့ခဲ့ရသည့်လူတစ်ဦး၏ ဖြစ်စဉ်တွင် မျက်မြင် သက်သေတစ်ဦး အပါအဝင် စီးနင်းတိုက်ခိုက် သတ်ဖြတ်ခံရမှု ဖြစ်စဉ်ကို တိုက်ရိုက် သိမြင်၊ သိကြားထားသော မျက်မြင် သက်သေ ရှစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ Fortify Rights သည် မြေပြင်သို့ ပထမဦးဆုံး ရောက်ရှိမြင်တွေ့ခဲ့သူများမှ မျှဝေပေးလာသည့် ဓာတ်ပုံ ဒါဇင်ပေါင်း များစွာကိုလည်း လေ့လာသုံးသပ် ခဲ့ပါသည်။ Fortify Rights မှ ရရှိခဲ့သည့် ဓာတ်ပုံများအနက်မှ ပုံ ၂၀ ကျော်သည် မီးလောင်ထားသော အရိုးများ၊ ဖြတ်တောက်ထားသော ခြေထောက်များ၊ လက်များနှင့် လိင်အင်္ဂါများ အပါအဝင် အပိုင်းပိုင်း ဖြတ်တောက်ထားခံရသော ခန္ဓာကိုယ် အစိတ်အပိုင်းများ ပါဝင်ပါသည်။ အခြားဓါတ်ပုံ ၁၀ ပုံကမူ ဝါးခြံစည်းရိုးတွင် တင်ရုံချိတ်ထားသော ဖြတ်ခံထားရသည့် ဦးခေါင်း သုံးလုံးပုံများ ဖြစ်ကြသည်။ ဓာတ်ပုံများထဲရှိ မီးရှို့ခံထားရသော အလောင်းများဘေးတွင် ကျန်နေသေးသည့် မီးကျွမ်းထားသော ဝါးနှင့် ထင်းစများကို ကြည့်ခြင်းဖြင့် အချို့အလောင်းများသည် တမင်တကာ မီးတင်ရှို့ခံထားရပုံ ပေါ်သည်။

Fortify Rights သည် မြန်မာစစ်တပ်မှ စစ်သားများ စီပါရွာကို စီးနင်းတိုက်ခိုက်ပြီးနောက် ရွာတွင်ကျန်ရှိနေခဲ့ သည့် ဒေသခံတစ်ဦးနှင့် စကားပြောဆိုခဲ့သည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့ တွင် ခေါင်းဖြတ်သတ်ခံရသည့် ဒေသခံရွာသားထဲမှ တစ်ဦးဖြစ်သည့် ဦးတင်လှိုင်ကို မြန်မာစစ်သားများက ဖမ်းဆီးသွားသည်ကို တွေ့ခဲ့ရကြောင်း ထိုသူက Fortify Rights ကို ပြောပြသည်။

> “အဲ့ချိန်တုန်းက အသတ်ခံရတဲ့သူတွေကလွဲလို့ ရွာမှာ ငါတစ်ယောက်တည်းပဲရှိတာ။ သူတို့ [မြန်မာ စစ်သားတွေ] က အဲ့နေ့က ငါ့နေရာမှာ ချက်ကြ ပြုတ်ခဲ့ကြတာ။ ညနေလေးနာရီ လောက် [အောက်တိုဘာလ ၁၇ ရက်နေ့၊ ၂၀၂၄ ခုနှစ်] မှာ ဦးတင်လှိုင်ကို သူတို့ [စစ်သား များက] ခေါ်သွားတာ တွေ့တယ်။”

အခြား စီပါရွာသူတစ်ဦးဖြစ်သည့် “မလှမေ” (လုံခြုံရေးအရ အမည်လွှဲ) မှ ရွာကို မြန်မာစစ်တပ်များ စီးနင်းတိုက်ခိုက်ပုံကို ပြန်ပြောပြခဲ့သည်။

“စစ်သားတွေက မနက် ၇ ခွဲလောက်မှာ သေနတ်တွေ ဖောက်ပြီး ရွာထဲဝင်လာကြတာ၊ အဲ့တုန်းက ကျွန်မတို့လည်း ရွာထဲမှာပေါ့၊ ကျွန်မတို့ရှိနေတဲ့ နေရာနဲ့တော့ နည်းနည်းဝေးတယ်။ သူတို့ ရွာထဲကို လျှောက်ပစ်ခတ်ပြီး မနက် ၉ နာရီခွဲ လောက်မှာ အိမ်တွေကို စပြီး မီးတင်ရှို့တာပဲ။ နေ့လည်ပိုင်းလောက် ကျတော့မှာ မီးရှို့တာနဲ့ ပစ်တာ ခဏရပ်သွားတယ်။ အဲဒီနောက် ညနေ ၃ ခွဲလောက်မှာ ရွာကို ထပ်ပြီး မီးရှို့ခဲ့တာ။”

မလှမေနှင့် သူ၏ ခင်ပွန်းတို့သည် ရွာမှထွက်ပြေးခဲ့ပြီး နောက်တစ်နေ့ ပြန်လာသောအခါ တွေ့ကြုံခဲ့ရသည့် တိုက်ခိုက်ခံထားရသော ရွာ၏ အခြေအနေကို ပြောပြခဲ့ပါသည်။

“ရွာကို ညနေမှာ ပြန်ရောက်ပြီးတော့ ဘယ်အိမ်တွေ မီးလောင်သွားပြီလဲဆိုတာ လှည့်ပတ်ကြည့်ကြတာပေါ့၊ ပြီးတော့ သူတို့ [အလောင်းတွေ] ကို တွေ့တာပဲ။ အလောင်း ၃ လောင်းကို မီးရှို့ပြီးတော့ ခြံဝိုင်းတခုထဲမှာပဲ ထားခဲ့တာ၊ ယောကျာ်းတွေရဲ့ လိင်အင်္ဂါတွေကို သူတို့ပါးစပ်ထဲမှာ ပြန်ထည့်ထားတယ်။ အဲ့နားက အိမ်ရဲ့ ခြံစည်းရိုးမှာပဲ နောက် ခေါင်းပြတ်သုံးလုံးကို ချိတ်ထားတာ။”

ခပ်ဝေးဝေးတွင် ပုန်းအောင်းနေခဲ့သည့် စီပါကျေးရွာမှ အခြားဒေသခံတစ်ဦးဖြစ်သည့် “ကိုသက်ထွေး” (လုံခြုံရေးအရ အမည်လွှဲ) သည် သူ၏ ပုန်းအောင်းနေသည့်နေရာမှာ စီပါကျေးရွာ စီးနင်းတိုက်ခိုက်ခံနေရသည်ကို မျက်မြင်တွေ့ခဲ့ရပြီး “ရွာကို စစ်တပ်က မီးရှို့နေတာ ကျွန်တော်တို့ မြင်ရတယ်။ ရွာထဲကနေ မီးခိုးတွေ အလိပ်လိုက် တက်လာတာကို တွေ့တယ်။ တိုက်ပွဲ ဖြစ်နေတာလည်း မရှိဘူးဆိုတော့ ရွာကအိမ်တွေကို သူတို့ (မြန်မာစစ်တပ်) တွေ မီးရှို့ဖျက်ဆီးနေချိန်မှာ သေနတ်သံတော့ မကြားရပါဘူး” ဟု ပြောကြားခဲ့ပါသည်။

“အလောင်းတွေနဲ့ ခန္ဓာကိုယ် အပိုင်းပိုင်းတွေကို တစ်ရွာလုံး အနှံ့ပဲ တွေ့ခဲ့ရတာ” ဟု အောက်တိုဘာ ၁၉ ရက်တွင် ရွာသို့ ပြန်လာစဉ် မြင်တွေ့ခဲ့ရသည့် မြင်ကွင်းကို ၎င်းက Fortify Rights သို့ ပြောကြားခဲ့သည်။ “သူတို့ [ရွာရှိဒေသခံ] က ခေါင်းတွေကို ခြံစည်းရိုးကနေ မဖြုတ်ထားရသေးတော့ ကျွန်တော်တို့လည်း ကိုယ်တိုင်မြင်ခဲ့ရတာပေ့ါ” ဟု ပြောသည်။

အောက်တိုဘာလ ၁၇ ရက်နေ့တွင် စစ်အစိုးရတပ်များ ထွက်ခွာသွားပြီးနောက် မကြာခင်တွင် စီပါရွာသို့ ရောက်လာသည့် အသက် ၂၆ နှစ်အရွယ် ကျောင်းသား "ကိုလင်းမောင်" (လုံခြုံရေးအရ အမည်လွှဲ) က အလားတူ မြင်ကွင်းကို ပြန်ပြောပြခဲ့သည်။

> "ရွာထဲကို ရောက်တာနဲ့ ဘုန်းကြီးကျောင်းနားက နေရာမှာ အလောင်းကို တွေ့တယ်။ အဲဒီနောက် ရွာထဲကို ဆက်လျှောက်လာတော့ နောက် အလောင်းနှစ်လောင်းကို ထပ်တွေ့တယ်။ အဲ့ဒီအလောင်းတွေက အပိုင်းပိုင်းဖြတ်ခံထားရတာ။ အူတွေ၊ ကလီစာတွေလည်း ထုတ်ခံထားရတယ်။"

"ရွာမှာ စုစုပေါင်း လူသေအလောင်း ငါးလောင်း တွေ့တယ်" ဟု ကိုလင်းမောင်က ပြောခဲ့သည်။ ခြောက်ယောက်မြောက် ရုပ်အလောင်းကိုတော့ စီပါရွာရှိ အခြားဒေသခံရွာသားများက ရှာတွေ့ခဲ့သည်။

စီပါကျေးရွာအား တိုက်ခိုက်ခြင်းသည် စစ်ကိုင်းတိုင်း ဒေသကြီးတွင် မြန်မာ့စစ်အာဏာသိမ်းအုပ်စု၏ ပိုမိုကျယ်ပြန့်စွာ တိုက်ခိုက်လာမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် ယခုသီတင်းပတ်တွင် လေးနှစ်ပြည့်ခဲ့သော တရားမဝင်စစ်အာဏာသိမ်းမှုနောက်ပိုင်း ပေါ်ပေါက်လာခဲ့သော တော်လှန်ခုခံရေးအင်အားစုများ၏ အားကောင်းလာသည့် နေရာတစ်ခု ဖြစ်သည်။ များစွာသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် အာဏာသိမ်းစစ်ကောင်စီတပ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရာအနှံ့အပြားတွင် မကြာခဏ တိုက်ပွဲများ ဖြစ်နေသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် စစ်ကိုင်းတိုင်း အနောက်မြောက်တိုင်း စစ်ဌာနချုပ်အနီးတွင် မြန်မာအာဏာသိမ်းစစ်တပ်အဖွဲ့ဝင်များ တိုက်ခိုက်ခံရမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် မြန်မာ စစ်တပ်က စစ်ဆင်ရေးကို စတင်တော့မည်ဟု သတိပေး ကြုံးဝါးခဲ့ကြောင်း စီပါရွာခံများက Fortify Rights သို့ အတည်ပြုပြောကြားခဲ့သည်။

FORTIFY RIGHTS

အရပ်သားများနှင့် စစ်ပွဲများတွင် ဆက်လက်ပါဝင်နိုင်စွမ်း မရှိသူများအား ကာကွယ်ပေးသည့် ဥပဒေ အပါအဝင် လက်နက်ကိုင်ပဋိပက္ခများအား ဖြေရှင်းရာတွင် လိုက်နာရမည့် အခြေခံစည်းကမ်းများကို စစ်ဥပဒေဟု လူသိများသည့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေတွင် ထုတ်ပြန်ထားသည်။ ကိုယ်လက် အင်္ဂါအစိတ်အပိုင်းများ ဖြတ်တောက်ခြင်းကို ဂျီနီဗာသဘောတူညီချက်များ၏ ဘုံအပိုဒ် ၃ နှင့် ICC ရောမဥပဒေ၏ အပိုဒ် ၈ အရ စစ်ရာဇဝတ်မှုအဖြစ်သတ်မှတ်သည်။ ထို့အပြင် တမင်တကာ ခေါင်းဖြတ်သတ်ကာ ကိုယ်အစိတ်အပိုင်းအပြတ်အတောက်များအား လူမြင်ကွင်းတွင် ခင်းကျင်းပြသပြီး အရပ်သားများအကြား ကြောက်စိတ်များထည့်သွင်းကာ အကြမ်းဖက်ခြင်းသည် ပထမထပ်လောင်း ပရိုတိုကော အပိုဒ် ၅၁ (၂) အရ ဖော်ပြထားသည့် အရပ်သားများအား စိတ်ဓာတ်ပိုင်းဆိုင်ရာ စစ်ဆင်ရေးပြုလုပ်ခြင်းအား တားမြစ်ထားသည်ကို ချိုးဖောက်ခြင်း ဖြစ် သည်။။ အပိုဒ် ၅၁ (၂) အရ အရပ်သားများအား ကြောက်စိတ်ထည့်သွင်းသည့် မည်သည့် လုပ်ရပ်နှင့် အကြမ်းဖက်ခြိမ်းခြောက်ခြင်းမဆို ပြင်းထန်စွာ တားမြစ်ထားပြီး၊ စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။

ခေါင်းပြတ်များအား ပြသထားခြင်းသည် အကြမ်းဖက်မှု၏ ဝိသေသလက္ခဏာတစ်ရပ်ဖြစ်ပြီး၊ လူမှုအသိုင်းအဝိုင်းအား စိတ်ပိုင်းဆိုင်ရာအားဖြင့် ဖြိုခွင်းဖြင်း၊ နေရပ်များမှ ကြောက်စိတ်များဖြင့် စွန့်ခွာစေခြင်းတို့ ဖြစ်အောင် ပြုလုပ်ခြင်းဖြစ်ကြောင်း Fortify Rights မှ ပြောသည်။ အဆိုပါ လုပ်ရပ်များသည် ယင်းတို့အကြားတွင် ကြောက်စိတ်များ ဝင်ရောက်စေပြီး၊ နေရပ်များမှ စွန့်ခွာစေခြင်းတို့ ဖြစ်ခဲ့ကြောင်း လွတ်မြောက်လာသူတို့နှင့် မျက်မြင်သက်သေများက Fortify Rights သို့ ပြန်ပြောင်းပြောပြသည်။

စစ်ကိုင်းတိုင်းတွင် ယခုကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ စစ်နည်းဗျူဟာများကို အကြမ်းဖက်စစ်တပ်၏ စစ်သားများ ကျူးလွန်ခဲ့ခြင်းသည် ယခုအခါသည် ပထမအကြိမ်မဟုတ်ပေ၊ ၂၀၂၃ ခုနှစ်တွင်လည်း ပုလဲမြို့နယ်တွင် အနည်းဆုံး တော်လှန်ရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦးကိုလည်း ခေါင်းဖြတ်သတ်ခဲ့သည်ဖြစ်ကြောင်း ရွာသားများမှ သတင်းပေးပို့ခဲ့ပါသည်။ ထိုခေါင်းဖြတ်သတ်ခဲ့သည့် ဓါတ်ပုံများသည် Fortify Rights ၏ မှတ်တမ်းထဲတွင် တည်ရှိပါသည်။

မြန်မာအာဏာသိမ်းစစ်တပ် ကျူးလွန်နေသည့် ရာဇဝတ်မှုများကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တွမ်အင်ဒရူးက ICC အဖွဲ့ဝင်နိုင်ငံများအား မြန်မာနိုင်ငံ အခြေအနေအား ICC အစိုးရရှေ့နေထံ လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။ တွမ် အင်ဒရူးစ်က ၎င်း၏ အစီရင်ခံစာတွင် "အာဏာရှင်စစ်တပ်သည် ၎င်း ဖမ်းဆီး ထိန်းသိမ်းထားပြီးဖြစ်သော အရပ်သားပြည်သူ တစ်ဦးချင်းစီအား စုပေါင်း၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းအပါအဝင် မြေပြင်တိုက်ခိုက်မှုများတွင်လည်း အရပ်သားပြည်သူများကို သတ်ဖြတ်ခဲ့ သည်။ သတ်ဖြတ်ခံရသူများသည် ညှဉ်းပန်းနှိပ်စက်ခြင်း၊ အစွန်းမပြုကျင့်ခြင်းနဲ့ ခေါင်းဖြတ်ခံရခြင်းတို့ ကြုံတွေ့ခဲ့ရပြီး ခန္ဓာကိုယ်များမှာလည်း မီးရှို့ခံခဲ့ရသည်" ဟူ၍ ပါဝင်သည်။

ရောမဥပဒေပါ အပိုဒ် ၁၄ အရ ICC အဖွဲ့ဝင်နိုင်ငံများသည် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကို စုံစမ်းစစ်ဆေးရန် အစိုးရရှေ့နေချုပ်ထံ တောင်းဆိုနိုင်သည်။ ICC အဖွဲ့ဝင်နိုင်ငံများသည် အခြေ အနေအား အစိုးရရှေ့နေချုပ်ထံ လွှဲပြောင်းပေးသည့် လုပ်ငန်းစဉ်တွင် အစိုးရရှေ့နေချုပ်ထံ လိပ်မူ သော ရိုးရှင်းသည့် သံတမန်ရေးစာတစ်စောင်နှင့်အတူ အထောက်အကူဖြစ်စေမည့် စာရွက်စာတမ်း များ ပါဝင်သည်။

ICC အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အခြေအနေကို ICC အစိုးရရှေ့နေထံ ချက်ချင်းလွှဲပြောင်းပေးသင့်ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ အာဏာသိမ်းမှု ဖြစ်စဉ် အပြီးနောက် အရပ်သားများအပေါ် ကျူးလွန်ခဲ့ သော နိုင်ငံတကာရာဇဝတ်မှုများအတွက် အာဏာရှင်မြန်မာစစ်ကောင်စီအား တရားစွဲဆိုသင့်သည်။

“ICC အဖွဲ့ဝင်နိုင်ငံတွေဟာ မြန်မာနိုင်ငံမှာ နေ့တိုင်းနီးပါး ဖြစ်နေတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို အဆုံးသတ်ဖို့ ချက်ချင်း အရေးယူဆောင်ရွက်သင့်ပါတယ်” ဟု စိုင်းအာကာက ဆိုသည်။ “ICC ကို လွှဲပြောင်းခြင်းက တရားမဲ့မှုမှ တာဝန်ယူမှု တာဝန်ခံမှု (accountability) ဆီသို့ ပြောင်းလဲပေးနိုင်ပြီး ပြစ်မှုကျူးလွန်တဲ့သူတွေဆီကိုလဲ အရေးကြီးတဲ့ သတိပေးချက် ပေးပို့ရာရောက် ပါတယ်။”

---

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**

**စိုင်းအာကာ**

လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ

+17 169 195 899 (Signal)

**အီးမေးလ်** - Sai.Arkar@FortifyRights.org

**X** - @Sai_Rights, @FortifyRights

Patrick Phongsathorn, Senior Advocacy Specialist, Fortify Rights

ဘာသာစကား - အင်္ဂလိပ်နှင့် ထိုင်းဘာသာစကား

+66 94 696 8477, (Signal)

**အီးမေးလ်** - Patrick.Phongsathorn@FortifyRights.org

**X** - @Patrick_Phongsa, @FortifyRights

**John Quinley III**

Director, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 62 814 1130 (Signal, Whatsapp)

**အီးမေးလ်** - John.Quinley@FortifyRights.org

**X** - @john_hq3, @FortifyRights